UN in Myanmar

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု

# ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများအပေါ်

# အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဆောင်ရွက်ပေးရန် ကုလသမဂ္ဂ တိုက်တွန်း

ရန်ကုန်၊ နိုဝင်ဘာ ၂၅ ရက် - ကုလသမဂ္ဂအဖွဲ့၊ မြန်မာက ပြည့်စုံသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်အား အတည်ပြုပြဋ္ဌာန်းပေးရန် မြန်မာ လွှတ်တော်အား တိုက်တွန်းလိုက်ပါသည်။

ကုလသမဂ္ဂအဖွဲ့၊ မြန်မာနိုင်ငံ၏ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr Ola Almgren က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်ရေးနေ့ အထိမ်းအမှတ်နှင့် (၁၆) ရက်တာလှုပ်ရှားမှု စတင်ခြင်း အထိမ်းအမှတ် အဆင့်မြင့်အခမ်းအနားတစ်ရပ်တွင် မိန့်ခွန်း ပြောကြားခဲ့ပါသည်။

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေနှင့် အခြားသော ကျားမ တန်းတူညီမျှရေး အလေးထားသော ဥပဒေများသည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် မဖွယ်မရာပြုမှုများအား တားဆီးကာကွယ်ရာတွင် အထောက်အကူပြုရုံသာမက အကြမ်းဖက်မှု

ကျူးလွန်သူများကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရာတွင်လည်း ကူညီပေးနိုင်သဖြင့် ထိုဥပဒေ များကို အတည်ပြုပြဋ္ဌာန်းခြင်းသည် အရေးကြီးသော ခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်း”

“ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များသည် ဤဥပဒေ၏ အရေးပါမှုကို လက်ခံအသိအမှတ်ပြုပြီး အချိန်မီ အတည်ပြုပြဋ္ဌာန်းနိုင်အောင် တိကျပြတ်သားစွာ အရေးယူဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါကြောင်း” ပြောကြားပါသည်။

Mr Almgren က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ စီစဉ်ကျင်းပသည့် အဆိုပါအွန်လိုင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြဿနာအား မီးမောင်းထိုးပြခဲ့ပြီး ထိုပြဿနာသည် ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် ပို၍ ဆိုးရွားပြင်းထန်လာသည်ဟု ဆိုပါသည်။

“နေအိမ်တွင်သာနေထိုင်ရန် လမ်းညွှန်ချက်များ ထုတ်ပြန်ထားသည့် အချိန်ကာလများအတွင်း အရင်းနှီးဆုံးအဖော်၏ အကြမ်းဖက်မှုများ တိုးပွားလာသည့် လက္ခဏာများသည် စိုးရိမ်ပူပန်ဖွယ်ဖြစ်ကြောင်း၊ လော့ဒေါင်းကန့်သတ်ချက်များနှင့် နေအိမ်မှ အလုပ်လုပ်ကြရန် အစီအမံများသည် ကျွန်ုပ်တို့အား ကမ္ဘာ့ကပ်ရောဂါကြီးမှ ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ခြင်းဖြစ်သော် လည်း ကံဆိုးသည်မှာ ထိုကန့်သတ်ချက်များနှင့် အစီအမံများသည် အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်သူအများအပြားကို ၎င်းတို့အပေါ် အကြမ်းဖက်သူများနှင့်အတူ ပိတ်ထားသော တံခါးများ၏ နောက်ကွယ်တွင် ရုန်းထွက်မရသော အခြေအနေသို့ ရောက်ရှိစေခဲ့ကြောင်း” ပြောကြားပါသည်။

Mr Almgren က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတို့သည် ကျားမအခြေပြုအကြမ်းဖက်မှုများကို ပိုမို

ထိရောက်စွာ တုံ့ပြန်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသော တိုးတက်အောင်မြင်မှုများ ရရှိထားပြီးဖြစ်သည်ဟု ဆိုပါသည်။

“ထိုသို့သော တိုးတက်အောင်မြင်မှုများသည် အလွန်အလားအလာကောင်းသော်လည်း ကျွန်ုပ်တို့ အနေဖြင့် ဆက်လက်ရှင်သန်သူများအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံဝန်ဆောင်မှုများ ရရှိ အောင် ကြိုးပမ်းရာတွင် ၎င်းတို့ ရင်ဆိုင်နေရဆဲဖြစ်သည့် အတားအဆီးများကို ဖယ်ရှားပေးနိုင် အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း”

“ဆက်လက်ရှင်သန်သူများအတွက် လက်ရှိ ဆောင်ရွက်ပေးလျက်ရှိသော ကျန်းမာရေးစောင့် ရှောက်မှု၊ တရားမျှတမှု၊ ရဲလုပ်ငန်းဝန်ဆောင်မှုနှင့် လူမှုရေးဝန်ဆောင်မှုများကို ဆက်လက်ဆောင် ရွက်ပေးသွားရန် လိုအပ်ကြောင်း”

“တစ်ချိန်တည်းတွင် hotline များ၊ လုံခြုံစိတ်ချရသော ခိုနားရာနေရာများ၊ အစိုးရထောက်ပံ့ကြေး များ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုမီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းကဲ့သို့ ကျားမ အခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ဆောင်မှုများကို အရှိန် အဟုန်မြှင့်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း”

“ကျွန်ုပ်အနေဖြင့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနေသော အစိုးရဌာနများ နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ကျားမအခြေပြုအကြမ်းဖက်မှုများကို တုံ့ပြန်ဆောင်ရွက် ပေးရေးနှင့် အရေးပေါ်အခြေအနေများအတွင်းနှင့် နောက်ပိုင်းတို့တွင် ထိုသို့သော အကြမ်းဖက်မှု များကို မည်သို့တုံ့ပြန်ဆောင်ရွက်မည်ဟူသည့် သီးခြားအစီအစဉ်များ ရေးဆွဲနိုင်ရေးအတွက် အရင်းအမြစ်များကို ဦးစားပေးသုံးစွဲကြရန် တိုက်တွန်းလိုပါကြောင်း” ပြောကြားပါသည်။

- ပြီးဆုံး -

အသေးစိတ်အချက်အလက်များအတွက် ဆက်သွယ်ရန် -

UN မြန်မာ သတင်းပြန်ကြားရေးဌာန

ဦးအေးဝင်း

wina@un.org